ဒါတင် ဘယ်ကမလဲဗျာ။ ဇီးခက်ဆူး ဆူးတဲ့ ဒဏ်ရာ ပျောက်သလောက် ရှိတော့ နာမည်ကျော် " ဇာနည်" ကို စီးဘို့ ကျနော် ကျိတ်ကြံပြန်ရော ။ " ဇာနည် " ဆိုတာ နတ်မောက်နယ်တရိုးမှာ ဟိုးဟိုး ကျော်အောင် နာမည်ကြီးတဲ့ ပြိုင်မြင်းကြီးပေါ့ဗျာ ။ဆယ်တန်းတခါကျပြီး ရွာမှာ တောင်သူ ပြန် လုပ်နေတဲ့ ကျနော့် အကိုပိုင်တာလေ။ " ဇာနည် " ပါတဲ့ မြင်းပွဲတွေမှာ လောင်းကြေး သိန်းသုံးလေးဆယ် ကျော်ထပ်ပြီး ကို လောင်းကြတာတဲ့ဗျ ။ ဇာနည့်အမွေးက အုန်းခွံရောင် ဗျ ၊ အရပ်ကော ကြန်အင်လက္ခဏာ ဘာအပြစ်မှ ပြောစရာမရှိတဲ့ မြင်းကောင်း မြင်းသန့်ဆိုတာ ကျနော်လို မြင်းအကြောင်းနားမလည်နဲ့ သူတောင် သိသာတယ်ဗျ ။ဒါပေမဲ့ မြင်းက တလက်ကိုင်၊ သူ့ကိုစီးတဲ့ကျော်ကီနဲ့ ကျနော့်အကိုကလွဲရင် ဘယ်သူမှ မစီးနိုင်လောက် အောင်ကို ကြမ်းတယ်ဆိုပဲ ။ အဲသလို ဇာနည့်ကို လူစိမ်း ဘယ်သူမှ မစီးနိုင်ဘူးဆိုလေ ကျနော် အူယားလေပဲ ဗျာ ။ကျနော့်အကိုကို "မင်းမြင်းကို ငါစီးကြည့်ချင်တယ်"ဆိုတော့ ၊ သူက ရီတယ်။ ဘယ်စီးလို့ ဖြစ်မလဲကွာ ဆိုပြီး မြင်းကုန်းနှီးကို သိမ်းထား သဗျ ။

ဒါနဲ့ ကျနော်က ပြိုင်ပွဲတွေမှာ ဇာနည်ကို စီးတဲ့ ဂျော်ကီ ၊ ကျနော့် အရီးလေး မစိန်မေ ယောက်ျား ကိုတုတ်မြိုင်ကို ကပ်ရတယ် ။ ကိုတုတ်မြိုင်ကလည်း ခွင့်မပြုဘူး။ အဲ ၊ ဒါပေမဲ့ ခြွင်းချက်တခုတော့ ရှိတယ်ဗျာ ။"သက်ခိုင် မင်းဒီလောက် အားသန်နေရင် အရင်ဦးဆုံး စိန်ကျော်မောင့် မြင်းကို အရင်စီးကြည့် ။စိန်ကျော်မောင့် မြင်းဟာ ဇာနည်ပြီးရင် ဒီနယ်မှ ဗိုလ်ပဲ ။ အေး၊ အဲဒီကောင်ကို မင်းနိုင်နိုင်နင်းနင်း စီးနိုင်ရင် ဇာနည်ကို ကုန်းနှီးတင်ပေးဘို့ ငါတာဝန် ထားပေတော့"တဲ့ ။

ကျနော်ကလည်း သွေးကြွနေတဲ့ကောင်မဟုတ်လား။ အဲဒီညနေပဲ စိန်ကျော်မောင့်ကို ပြောပြီး သူ့မြင်းကို စီးကြည့်ချင်တယ်ဆိုပြီး နားပူတာပေါ့ဗျာ။ စိန်ကျော်မောင်ဆိုတာ ကျနော်တို့နဲ့ ညီအကို ဝမ်းကွဲတွေပါ။ စိန်ကျော်မောင်လည်း ခေါင်းငြိမ့်လိုက်ရော ၊ကျနော်က မြင်းကျော ပေါ်ကို ကုန်းနှီး ချက်ချင်းတင်၊ ခြေနင်းကွင်းကို ခြေမနဲ့ညှပ်ပြီး မြင်းပေါ်ကို လွှားကနဲတက်ပြီး ဒုန်းဆိုင်း လိုက်ပါတော့တယ် ။ဒါဟာ ကျနော့်ဘဝမှာ ပထမဆုံး မြင်းစီးဘူးတာတော့ မဟုတ်ဘူး ဗျ ။ ရန်ကုန်မှာနေတုန်းကလည်း ရပ်ကွက်ထဲမှာ မြင်းနို့လည်ရောင်းတဲ့ မြင်းတွေကို ပိုက်ဆံပေးပြီး ကျနော် စီးဘူးတယ်။ ဒါပေမဲ့ အဲဒီမြင်းတွေက ခပ်ဖြေးဖြေး အသားကျ သွားတာကလား။ အခု စိန်ကျော် မောင့် မြင်းက သူ့နံဘေးကို ဖနောင့်နဲ့ တချက်ပေါက်ရသေးတယ်။ ကဆုန်ဆိုင်း ပြေးတော့ တာပဲဗျ ။

ရွာအနောက်ဖက်အပေါက်ကနေ နစ်မိုင်လောက်ဝေးတဲ့ ရွာလေးနားအထိကို ကျနော် ရောက်သွားသဗျာ ။မြင်းကျော်ပေါ်မှာ လွင့်ကနဲ လွင့်ကနဲ စီးလိုက်နေရင်း ပြုတ်ကျ မကျန်ခဲ့အောင် ကျနော် သတိကြီးကြီးထားနိုင်ခဲ့ပါတယ် ။ရွာလေးကနေပြန်လှည့်လာပြီး ကျနော်တို့ရွာထဲကိုပြန်ဝင်၊ စိန်ကျော်မောင်တို့ ခြံဝိုင်းထဲရောက်လို့ မြင်းပေါ်ကလည်း ဆင်းရော ကိုတုတ်မြိုင်က .. ဟာ၊ သက်ခိုင် ၊ ဒါဆို မင်းဇာနည်ကို စီးလို့ရပြီတဲ့ ။

.........................

" မဟာစည် သာသနာ့ရိပ်သာလမ်းလို နေရာမျိုးမှာ သုံးကောကျော်ကျော်လောက် ရှိတဲ့ ခြံကြီးပဲ ဗျာ၊ တန်တာပေါ့"

" လက်စသတ်တော့ ကိုသက်ခိုင်က သူဌေးပဲ"

" လွဲပြန်ပြီဗျာ ၊ တကယ်တော့ အဲဒီ ခြံကြီးကို ဝယ်တဲ့ ငွေထဲမှာ ကျနော့်ငွေ တပြားမှ မပါပါဘူး ဗျာ ၊ ဒါပေမဲ့ ဒီခြံကြီး ကို လက်ဝယ်ရှိတဲ့ အစိုးရဌာနက ဝယ်သူလက်ထဲကို လွှဲပြောင်းပေးဘို့ ကိစ္စမှာတော့ ကျနော့်ကိုယ်ရည်ကိုယ်သွေးနဲ့ လုပ်ရည်ကိုင်ရည်က မရှိမဖြစ် ဆိုပါတော့ ၊ ဒါကြောင့် အဲဒီခြံကြီးရဲ့ အရောင်းအဝယ်စာချုပ်မှာ ကျနော်က အဓိက နေရာက ပါနေတာပါ "

" အမွေမှု ဆိုတာတော်တော်ရှုပ်တယ်လို့တော့ ကြားဘူးတယ်ဗျ"

" ရှုပ်သလားတော့မမေးနဲ့တော့ဗျာ၊ မြန်မာပြည်မှာ အကြာဆုံးတရားမမှုပါပဲ၊ အမှုဖြစ်စဉ် မှတ်တမ်းကို ကြည့်ရင် ဒီအမှုဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်ကျော်က စဖြစ်ခဲ့တယ်၊ ဒီအမှုမှာ ဒေါက်တာမောင်မောင်( နိုင်ငံတော် သမ္မတဟောင်း)၊ ဂျပန်ခေတ် နိုင်ငံတော် အဓိပတိ ဒေါက်တာ ဘမော်ရဲ့ အကိုအရင်း ဝတ်လုံတော်ရဒေါက်တာ ဘဟန်လို ပုဂ္ဂိုလ် မျိုးတွေ အထိ ပါဝင်ပတ်သက်ခဲ့ပါတယ်"

" ဟာ၊ တယ်လဲ ကြီးကျယ်တဲ့ အမှုပါလားဗျာ၊ဖြစ်ပုံပျက်ပုံကို ကြားချင်စမ်းပါဘိဗျာ "

"အမှုတွဲနံမည်က ... ပြည်ထောင်စု မြန်မာနိုင်ငံနဲ့ ဒေါ်ကြည်ကြည် ... တဲ့ ။ မြန်မာအမျိုးသမီး တွေ အတွက် မယားငယ်ဟူ၍ မရှိစေရ၊ မယားပြိုင်သာ ရှိစေရမည် ဆိုတဲ့ စီရင်ထုံး ထွက်လာ ခဲ့တဲ့ အမှုပေါ့ဗျာ၊ အဲဒီ စီရင်ချက်ကိုလည်း ဒေါက်တာမောင်မောင်က ချမှတ်လိုက်ရော၊ ဗိုလ်ချုပ်ကြီး နေဝင်း ရဲ့ ဇနီးဒေါ်ခင်မေသန်းကတောင် " ကိုမောင်မောင် ၊ ရှင် ဘာတွေ လျှောက်လုပ်နေတာ တုန်း ဆိုပြီး ဖုန်းဆက် အကြိမ်းခံရဘူးသတဲ့ ၊ဒေါ်ခင်မေသန်း ဘယ်လို သိသလဲဆိုတော့ အဲဒီခေတ်က သတင်းစာတွေမှာ ရောမ စာလုံးမဲကြီးတွေနဲ့ ပါခဲ့လို့ပါပဲဗျာ"

" ဒါဆိုလဲ ခင်ဗျား ဝင်ပါတဲ့ အဲဒီအမှုအကြောင်းလေး လုပ်စမ်းပါဦးဗျ "

" အော် ၊ခက်ပါလား၊ ဒီအမှုတခုတည်း အကြောင်း ကွက်ပြီး ပြောလို့တော့ မဖြစ်ဘူးဗျ၊ ကျနော် ပြောခဲ့ဘူးတဲ့ အကြောင်းတွေ ဆက်ပြောနေရင်း သူ့နေရာနဲ့ သူရောက်လာပါ လိမ့်မယ် ဗျာ "

"ဒါဆိုလည်း ပြောသာပြောဗျာ၊ ဒီနေ့ ဦးအေးနိုင်လည်း သူ့မိန်းမရောက်နေပြီ ဆိုတော့ ..... "

"ဘာလဲဗျ၊ ခင်ဗျား စကားက ....."

သူ့နာမည်က ပေါက်ပေါက်တဲ့ ။ထောင်ထဲကို အကြိမ်ကြိမ် ဝင်ထွက်နေတဲ့ လူမိုက်ပေ့ါ။ အော်။ ခင်ဗျားတော်တော်ခက်ပါ လား။ သန်းဌေးဆိုတဲ့မောင်ဟာ ဂွင်ရိုက်ပြီးရင် ဒိတ်ဒိတ်ကြဲ လူမိုက် တွေနဲ့ အကာအကွယ်ယူ တတ်တာကျနော်သိနေတယ်လေ ။အရေးထဲ ပေါက်ပေါက် လုံချည် အစိမ်းနဲ့ အကျီအဖြူဝတ်ပြီး ရင်ဘတ်မှာ ရင်ထိုးလေးတခုထိုးလာလို့ သေချာကြည့်လိုက် တော့ သူ့ရင်ဘတ်က တံဆိပ်ဟာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး တံဆိပ်ဖြစ် နေသဗျာ။ကျနော်က .. ဟော့ကောင် ။ ပြဿနာ သွားရှင်းမဲ့ ကိစ္စကို မင်းဟာက ယူနီဖောင်းကြီး ဖြစ်နေပါလား .. ပြောမိတော့ အကို မသိပါဘူး အကိုရာ၊ ကျနော်က ကြံ့ခိုင်ဖွံ့ဖြိုးရေးကတဲ့ ။ဟာ ။မင်းဥစ္စာ အသင်းတံဆိပ်ကြီးတပ်လာတော့ မတော်တလျော် ဖြစ်မနေဘူးလား ဆိုတော့ အကိုမသိသေးလို့ပါ။ ဒီတံဆိပ်ပါရင် ရှင်းရတာ လွယ်သတဲ့ ဗျာ။ ဘာတွေဘယ်လို ရှင်းရ လွယ်သလဲတော့ ကျနော်လည်း ဆက်မမေးမိတော့ဘူး။ လက်စသတ်တော့ သူ့အိမ်မှာ ဖွင့် ထားတဲ့ အရက်ပုန်းဆိုင်လည်း အဲဒီအသင်းကြီး ကောင်းမှုထင်ပါရဲ့ဗျာ။

ကျနော်ဘာမှ ထပ်မပြောနေတော့ပဲ သူ့ကိုကားပေါ်တင်ပြီး တာမွေဖက်ကို ထွက်လာ ခဲ့ တယ်။တကယ်တော့ သူ့ကိုခေါ်လာတာဟာ သန်းဌေးနောက်က လူမိုက်တွေ မငြိမ်ရင်ထိန်း ဘို့လောက်ပါပဲတကယ်တမ်း သန်းဌေးကို တယောက်ချင်း ကျနော်ကိုယ်တိုင် ရင်ဆိုင်ဘို့ ဆုံးဖြတ်ပြီးသားပါ။

ကျနော်သန်းဌေး ရုံးခန်းရှေ့ကို ရောက်တော့ ပေါက်ပေါက် ကို ကားထဲမှာ စောင့်ခိုင်းပြီး ရုံးပေါ်ကိုလည်း တက်သွားလိုက်ရော သန်းဌေး ရဲ့ လက်စွဲတော် မူဆလင်အဘိုးကြီး နဲ့ တန်းတိုးတော့တာပဲ။ အဲဒီအဘိုးကြီးက အသက်ငါးဆယ်ကျော်လောက်ရှိမယ်။ သန်းဌေးက ဘိုလို မပြောတတ်တော့ ဘိုလိုမှတ်နေအောင်ပြောတတ်တဲ့ အဲဒီဘိုးတော်ကို မန်နေဂျာခန့် လက်သပ်မွေးထားတာဆိုပါတော့။ အဘိုးကြီးက ကျနော့်ကိုလည်း တွေ့ရော " ထိုင်ပါဆရာ၊ ဆရာ ဦးသန်းဌေး ပတ္တမြားအရောင်းအဝယ် ကိစ္စတခု ညှိသည်နဲ့ စကားပြောနေလို့ပါ " တဲ့ ။ ကျနော့် စိတ်ထဲက ရီချင်သွားပေမဲ့ ဧည့်ခန်းစားပွဲမှာ အသာလေးငြိမ်ပြီး ထိုင်နေလိုက် ပါတယ်။ အမယ်။ သန်းဌေးဟာ တကယ့်ကို ဂွင်ကောင်းမိနေပုံရတယ်ဗျ။ သူ့ရုံးခန်း အပြင်အဆင်က တယ်လဲအဆင့်မြင့်ပြီးခန့်ငြားနေတာကိုး ။ တရုတ်ကြွေပန်းအိုးကြီးတွေထဲ မှာ ဝါးပင်ခပ်ရှည်ရှည်တွေစိုက်ထားတာမျိုးတွေလည်း ရှိလေရဲ့ ။

မကယ်နိုင်ဘူးထင်ပါ ရဲ့။ကိုမြင့်ဌေးဟာ ပြည်တွင်းသဘောင်္လက်မှတ်စစ် ဘ၀ကနေ တ၀တ ဉက္ကဋ္ဌသမီးနဲ့ ဖူးစာဆုံလို့မှ မကြာခင် ထောင်ကျခဲ့တာဆိုတော့ ထောင်ကအထွက်မှာ သူ့ ယောက္ခမ အသိုင်းအ၀ိုင်းကြား မှာ မျက်နှာငယ်နေရတဲ့အချိန် ကျနော့်ဆီပေါက်ချလာပြီး အလုပ်တောင်းရာက ကျနော့် ကုမ္ပဏီမှ ဒါရိုက်တာ ဖြစ်လာတော့တာပါပဲဗျာ။ သူ့ရှယ်ယာလား ။ တပြားမှ မပါကြောင်းပါဗျာ။ကျနော့်ဆင်လုံးထွင်လုံးတွေနဲ့ ဒါရိုက်တာ ဖြစ်လာတယ် ပြောကြ ပါစို့ဗျာ။

အင်း ၊နောက်ဆုံးတယောက်ကတော့ နောက်ပိုင်းမှာ ကျနော်နဲ့ မဟာရန်သူတော် ဖြစ်လာမဲ့ မစ္စတာကူးမားပါပဲဗျာ။ သူက ဒလမြို့နယ်ဖက်က ဇာတိလို့ပြောတယ်။ ဟိန္ဒူဘာသာ၀င်ပါ။ မြန်မာပြည်ပေါက်စစ်စစ်ဖြစ်ပေမဲ့ သူ့နာမည်ကို မစ္စတာ တပ်ခေါ်မှ ကြိုက်သဗျ။သူက သဘောင်္သားအဖြစ် အချိန်တော်တော်ကြာလုပ်ခဲ့ဘူးတယ် ဆိုပါတယ်။ သဘောင်္အင်ဂျင်နီယာ chief အဆင့်နဲ့ လုပ်နေရာက မြန်မာပြည်မှာ အိုးမကွာ အိမ်မကွာ စီးပွားရေးလုပ်ချင်တယ် ဆိုပြီး ကျနော့်ရုံးက မန်နေဂျာ ဦး၀င်းဖေကတဆင့် မိတ်ဆက်ပေးရာက ကျနော့် ကုမ္ပဏီထဲကို ရောက်လာတဲ့သူပါ။ကုမ္ပဏီအစုရှယ်ယာ၀င်ငွေ အဖြစ် သူ့ငွေ သိန်းသုံးဆယ်ပါပါတယ်။ ဒီငွေ သိန်းသုံးဆယ်ဟာလည်း ကျနော့်လက်ထဲကို ထည့်တာမဟုတ်ပါဘူး ။ သူကုမ္ပဏီထဲကို၀င်လာ တော့မဲ့အချိန်မှာ လမ်းငါးဆယ်ကိုရုံးခန်းပြောင်းမဲ့ အချိန်နဲ့ တိုက်ဆိုင်နေတာကြောင့် ရုံးခန်း ပြောင်းစားရိတ်ကို သူက ကျခံတာနဲ့ ဒါကို အစုရှယ်ယာ၀င်ငွေ အဖြစ် သတ်မှတ်ပေးခဲ့တာပါ ။

တကယ်တော့ မစ္စတာကူးမားဟာ စိတ်ဓာတ်နူးညံ့ပြီး လူတော်တယောက်လို့ သတ်မှတ်လို့ ရ ပါတယ်။ ဥပဓိရုပ်လည်းကောင်းပါတယ်။ကျနော်သူ့ကို ကုမ္ပဏီထဲမှာ ပါ၀င်ခွင့်ပေးလိုက်တာ ဟာ ထင်ရာစိုင်းတတ်လွန်းတဲ့ ကျနော့်အတွက် အထိန်းအကွပ်လေး ဖြစ်လိုဖြစ်ငြား ဆိုတဲ့ ရည် ရွယ်ချက်ပါပါတယ်။ ဒါပေမဲ့ မစ္စတာကူးမားရဲ့ ကြီးစွာသော အားနည်းချက်ဟာ သူတပါးစကား ကို ယုံလွယ်လက်ခံတတ်ခြင်းနဲ့ ကျနော့် အပေါ်လွှမ်းမိုးချုပ်ကိုင်ဖို့ မူလကတည်းက ရည်ရွယ် ထားခြင်းပါပဲ။ တကယ်တော့ အဲဒီအချိန်မှာ မြန်မာပြည်စီးပွားရေးလောကဟာ အလွန်တရာ ရှုပ်ထွေးဆန်းပြားလွန်းတာကြောင့် ကျနော်လို နေရာမျိုးစုံမှာ ကျင်လည်ကျက်စားခဲ့တဲ့၊ ခေတ်နဲ့ အညီ ဖျံကျနေတဲ့သူ တယောက်ကို လွှမ်းမိုးချုပ်ကိုင်ချင်တာဟာ ခေတ်ကာလက အခြေအနေမပေးဘူးလို့ ပြောရပါလိမ့်မယ်။

..................................................

ဒီလိုနဲ့ ၁၉၉၆ခုနှစ် ဖေဖော်၀ါရီလမှာ ကျနော်ဟာ ထိုင်းနိုင်ငံကို အန်တီဆယ်နဲ့ အတူထွက်ခွာ လာခဲ့ပါတယ်။ အန်တီဆယ်ကတော့ စိန်အရောင်းအ၀ယ်နဲ့လာတာလို့သူ့စကားအရ သိရပါ တယ်။ စိန်တွေကို ဘယ်လိုသယ်တယ် ၊ဘယ်လိုရောင်းတယ်ဆိုတာ ကျနော်မသိပါဘူး။ မှတ်မှတ်ရရ လေဆိပ်ကို ကျနော့်ဒါရိုက်တာ အဖွဲ့တွေလိုက်ပို့တော့ ကျနော်လည်စည်း စည်းမထား တာနဲ့ မစ္စတာကူးမားဟာ အဆင်သင့်ယူလာတဲ့ အနီရောင်လည်စီးတခုကို

တကယ်တော့ ကျနော့်ကို နှုတ်ထွက်ဘို့ ဘယ်သူကမှ ဖိအားမပေးပါဘူး။ ကျနော့်ကို ဖိအား ပေးလို့လည်း မရပါဘူး။ ဒါပေမဲ့ ကျနော် အဲဒီစီမံကိန်းမှာ လူတကာဝိုင်းကြည့်နေတဲ့ သံသယ မျက်လုံးတွေကြားမှာ အလုပ်ဆက်လုပ်ဘို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ လုပ်ချင် စိတ်လည်း မရှိ တော့ပါဘူး။

..................................



အေးဗျာ။ အရိုးသားဆုံးပြောရရင် မြန်မာပြည်စီးပွားရေးလောကမှာ လက်ဖြောင့်သေနတ်သမား တယောက်လို ကျင်လည်ခဲ့ရတဲ့ ဘဝကို ကျနော်ငြီးငွေ့လှပါပြီ။ ဒါကြောင့် ကျနော့် ကိုယ်စွမ်းကိုယ်စနဲ့ အေးဆေးတည်ငြိမ်စွာ လုပ်ကိုင်နိုင်မဲ့ လမ်းကြောင်းတခု ပေါ် ရောက်အောင် ကျနော်နှစ်ပေါင်းများစွာ ရုန်းကန်ခဲ့ရပါတယ်။ အခုတော့စီးပွားရေးလောကမှာ ရှိတဲ့ လူတွေရဲ့ ယုံကြည် အားထားမှု ရလာ အောင် အပတ်တကုပ်အားထုတ်ခဲ့တာတွေဟာ ရုတ်ခြည်းပြိုလဲ ပျက်စီးရ တော့မဲ့အခြေအနေကို ဆိုက်လာနေပါပြီ။

ကျနော်ဟာ ပြတ်သားတဲ့ လမ်းကြောင်းတခုကို ရွေးချယ်ရပါတော့တယ်။ကုမ္ပဏီဒါရိုက်တာ အဖွဲ့ အရေးပေါ်အစည်းအဝေးတခု ချက်ချင်း ခေါ်လိုက် ပါတယ်။အဲဒီနေ့က ဒါရိုက်တာ အဖွဲ့ဝင် အားလုံးမျက်နှာစုံညီ ရှိနေချိန်မှာ ကျနော်က အန်တီဆယ့် ဘိလပ်မြေ အိပ်ပြဿနာကို ရှင်း ပြပြီး ကုမ္ပဏီဟာ သိက္ခာတပြားသားမှ မရှိတော့အောင် ကျဆင်းနေပြီမို့ ဒါရိုက်တာ အဖွဲ့ဝင်တွေ အနေနဲ့ ကျနော် ချပြတဲ့ လမ်းနှစ် သွယ်အနက် တခုခုကို ပြတ်ပြတ်သားသား ရွေးချယ်ကြဘို့ တောင်းဆိုရပါတယ်တော့တယ်။ ကျနော့် ချပြတဲ့ လမ်းနှစ် သွယ်ကတော့ (၁)ဒီကုမ္ပဏီ ကနေ ကျနော် တပြားတချပ်မှ အကျိုးခံစားခွင့် ယူတော့ပဲ နှုတ်ထွက်မယ် ။ကုမ္ပဏီရဲ့ ကောင်းမွေဆိုးမွေ အားလုံးကို ကျန်ရစ်တဲ့ ဒါရိုက်တာ အဖွဲ့ဝင်တွေက လက်ခံ ဖြေရှင်းပါ ။(၂) ဒါမှမဟုတ် လက်ရှိ

စိန်ဂျွန်း ဈေးစီမံကိန်းရဲ့ ပွဲဦးထွက် အခန်းတွေမှာ ပါဘူးတာကလွဲလို့ သူ့ကုမ္ပဏီမှာ တခြား အလုပ် မယ်မယ် ရရတော့ မတွေ့မိဘူးဗျ ။

အခုလည်း မင်းကြိုင်ခေါ် စနေမောင်မောင်က သူနဲ့အတွဲဆိုတော့ ပါလာတာထင်ပါရဲ့ ။ ကျနော်လည်း အလုပ်က ဘယ်ဆီနေမှန်းမသိသေးလေတော့ သူ့စားရိတ်နဲ့ သူလိုက်လာတာ ကို ဘာမှ ပြောစရာမရှိပါဘူးဗျာ။

............................................



အော်၊ ဒါနဲ့ အခုတခေါက် မန္တလေးရောက်တာ ပထမဆုံးအခေါက်တော့ မဟုတ်ဘူးဗျ။ ကျနော် ဆရာအတတ်သင် ကျောင်းသားဘဝက မန္တလေးကို ရောက်ဘူးသေးတယ်။ကျနော်ရဲ့ ပုဂံ အနွယ် သွေးကြောင့်ပေလားတော့ မသိဘူးဗျ။ ကျနော်ငယ်ငယ်လေးကတည်းက မြန်မာနိုင်ငံ ရဲ့ ရှေးဟောင်းမြို့တွေကို တော်တော် စိတ်ဝင်စားတယ်။ ကျနော်ဆယ်တန်းအောင်တဲ့နှစ်က နတ်မောက်ကို ပြန်ရင်း ပုဂံကို ရောက်ဘူးချင်တာနဲ့ လွယ်အိတ်တလုံးလွယ်ပြီး ပုဂံဖက်ကို ခရီးထွက်ခဲ့ဘူးတယ်။ အဲ၊ မန္တလေး ကိုရောက်ခဲ့ဘူးတာတော့ ကိုယ့်စားရိတ်နဲ့ ကိုယ်မဟုတ် ဘူးဗျာ။ အစိုးရစားရိတ်နဲ့ ဆိုပါတော့။ ဟုတ်တယ်ဗျ။ ကျနော် ဘိုကလေးမှာဆရာအတတ်သင် တက်နေတုန်း (၁၉၇၇)ခုနှစ်က တနိုင်ငံလုံးမှာရှိတဲ့ ဆရာအတတ်သင်ကျောင်းပေါင်းစုံပါဝင် ဆင်နွဲခဲ့ကြတဲ့ "ကျောင်းပေါင်းစုံ ဘက်စုံပညာပြိုင်ပွဲ"ဆိုတာ ကျင်းပ ခဲ့ဘူး တယ်။

အင်းလေ၊ ကျောင်းဆရာတွေဆိုတာ ဘက်စုံထူးချွန်တဲ့ တပည့်တွေ မွေးထုတ်ပေးနိုင်ရမှာ ဆို တော့ ဘက်စုံပညာပြိုင်ပွဲဆိုတာ လုပ်သင့်လုပ်ထိုက်တဲ့ ပြိုင်ပွဲကြီးတခုပါပဲ။ အဲဒီပြိုင်ပွဲမှာ

